


Volume III, Issue 30 10 May 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့၊ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက် | ၃ |
| ၃ | တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက် | ၅ |
| ၄ | PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်း | ၆ |
| ၅ | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကျင်းပ | ၈ |
| ၆ | စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ | ၉ |
| ၇ | အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၁ |
| ၈ | ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ | ၁၂ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၃ |
| ၁၀ | မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့်ပြည်သူများအတွက် ထိုင်းနိုင်ငံရောက် မြန်မာများက ခေါက်ဆွဲခြောက်များလှူဒါန်းခြင်းနှင့် မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနဖွင့်လှစ် | ၁၅ |
| ၁၁ | ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် | ၁၆ |
| ၁၂ | မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာ ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်သတိမှတ် | ၂၂ |
| ၁၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု | ၂၃ |
| ၁၄ | ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ် | ၂၄ |
| ၁၅ | တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ် | ၂၅ |
| ၁၆ | AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက် | ၂၇ |
| ၁၇ | မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက် | ၂၈ |
| ၁၈ | ရွှေကူမြို့နယ်၊ သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်များ မီးလောင်ပျက်စီး | ၂၉ |
| ၁၉ | ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ | ၃၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့၊ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၈ ရက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပျဉ်းမနားမြို့၊ ကန်တော်မင်္ဂလာ ရှမ်းကန်တွင် သဲနုန်းများ များပြားလာပြီး ကန်အဆင့်မြှင့်တင်ရန် လိုအပ်လာသည့်အတွက် ကန်တော်၏အရှေ့ဘက်ခြမ်းတွင် သဲနုန်းများ တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ ကန်တော်အတွင်းရှိ မင်္ဂလာရှမ်းကန်ရေလယ်ဘုရားနှင့် ဘုရားကျောင်းဆောင်ကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ကန်တော်မင်္ဂလာရှမ်းကန်သည် ပျဉ်းမနားမြို့၏ကျက်သရေဆောင် ကန်တော်တစ်ခုဖြစ်ပြီး အမည်နာမနှင့် လိုက်ဖက်ညီအောင် မင်္ဂလာရှိသည့်ကန်တော်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း။
- နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို သာယာလှပမှုရှိစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပျဉ်းမနားမြို့ကိုလည်း ယခင်ကထက် သာယာလှပပြီး အဆင့်မီသည့် မြို့တစ်မြို့ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ကန်အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးပါကလည်း ရေပြန်လည်ဖြည့်တင်းသွားမည့်အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း။
- မိုးတွင်းကာလတွင် ရရှိလာသည့်ရေများကို အဟောသိကံမဖြစ်ရအောင်နှင့် အကျိုးရှိအောင်အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- ကန်တော်များအတွင်း ရေများပြည့်နေစေရေးသာမက စိုက်ပျိုးရေများ ပြည့်ဝစွာ ရရှိရေးအတွက်ကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊
- မိမိတို့၏ပတ်ဝန်းကျင်၊ မိမိတို့၏ဒေသ၊ မိမိတို့၏မြို့သန့်ရှင်းသာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းမှသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သာယာလှပမှုရှိလာစေရေး ကိုယ်စီကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကန်တော်မင်္ဂလာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့၊ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**





ရှမ်းကန် အဆင့်မြှင့်တင်တူးဖော်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- **နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို သာယာလှပမှုရှိစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပျဉ်းမနားမြို့ကိုလည်း ယခင်ကထက် သာယာလှပပြီး အဆင့်မီသည့်မြို့တစ်မြို့ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်။**
- **ကန်အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးပါကလည်း ရေပြန်လည် ဖြည့်တင်းသွားမည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရန်လို။**
- **မိုးတွင်းကာလတွင် ရရှိလာသည့်ရေများကို အဟောသိကံ မဖြစ်ရအောင်နှင့် အကျိုးရှိအောင်အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်

မေလ ၅ ရက်တွင် ထုတ်ပြန်ခဲ့သော (၁၇) ကြိမ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကွန်ဂရက်၏ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ သဘောထားထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ပါသည်။

## သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်**

၁။ ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် (၁၇) ကြိမ်မြောက် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးကွန်ဂရက်မှ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ အပိုဒ် (၂) ပါဖော်ပြချက်တွင် "ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ စစ်တပ်အာဏာသိမ်းယူမှုနှင့် နောက်ဆက်တွဲစိန်ခေါ်မှုများ"ဟု လည်းကောင်း၊ အပိုဒ်(၅)ပါ ဖော်ပြချက်တွင် "မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရေး၊ ကရင်အမျိုးသားတို့၏ရသင့်ရထိုက်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေးများရရှိရေး"ဟုလည်းကောင်း၊ အပိုဒ်(၆)ပါ ဖော်ပြချက်တွင် "မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက်" ဟုလည်းကောင်း ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံတို့အား သက်သေထား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈) ဖွဲ့ဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ရာ KNU မှ လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုများအား ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်အာဏာအား အဓမ္မရယူရန်ကြိုးစားခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်ကို မလွဲမရှောင်သာဘဲ ယာယီထိန်းသိမ်းခဲ့ခြင်းသာဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"ဟုလည်းကောင်း၊ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်"ဟုလည်းကောင်း အတိအလင်းဖော်ပြထားသည့်အပြင် နိုင်ငံတည်ငြိမ်လာပါက ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး အနိုင်ရရှိသည့်အရပ်သားအစိုးရကို အာဏာလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးဖြစ်ပါသည်။

၄။ KNU အနေဖြင့် စစ်တပ်အာဏာသိမ်းယူမှု၊ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် သန္နိဋ္ဌာန်ချမှတ်ထားပြီး တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ လူထုလူတန်းစားအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ထားခြင်းသည် အပြုသဘောမဆောင်ဘဲ NCA ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ပြီး ထိပ်တိုက်ရင်ဆိုင်မှုလမ်းကြောင်းသို့ ဦးတည်နေကြောင်းတွေ့ရှိရပါသည်။

၅။ လက်ရှိဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့အရ လှုံ့ဆော်မှုများနှင့် ပြည်ပပယောဂများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများသာဖြစ်ပါသည်။ NCA အခြေခံမူ အပိုဒ် ၁(က) တွင် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုနိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် သဘောတူခဲ့ပြီးဖြစ်သဖြင့် ထိပ်တိုက်ရင်ဆိုင်သော လက်နက်ကိုင်တိုက်ပွဲဝင်မည့်လမ်းကြောင်းသည် ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်ပြီး အကြမ်းဖက်လုပ်ရပ်သို့ ဦးတည်နေသောကြောင့် တိုင်းရင်းသားလုပ်သားပြည်သူလူထုတစ်ရပ်လုံးက လိုလားနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ခြင်းကို အဟန့်အတားဖြစ်စေသည့်အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ခံစားလိုသည့် တိုင်းရင်းသားများနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ကြီးမားသောအခက်အခဲများ ဖြစ်ပေါ်စေနိုင်ပါသည်။

၆။ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကိုဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သော ရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဘုံသဘောတူညီချက်များရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ပါသည်။

၇။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းသည်သာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိနိုင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့အတွက် လမ်းကြောင်းမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု**
**ညှိနှိုင်းရေးကော်မတီ**

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **KNU အနေဖြင့် စစ်တပ်အာဏာသိမ်းယူမှု၊ မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် သန္နိဋ္ဌာန်ချမှတ်ထားပြီး တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ လူထုလူတန်းစားအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ထုတ်ပြန်ထားခြင်းသည် အပြုသဘောမဆောင်ဘဲ NCA ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ပြီး ထိပ်တိုက်ရင်ဆိုင်မှုလမ်းကြောင်းသို့ ဦးတည်နေကြောင်းတွေ့ရှိရ။**
- **လက်ရှိဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့အရ လှုံ့ဆော်မှုများနှင့် ပြည်ပပယောဂများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများ သာဖြစ်။**
- **လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်။**

# တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

## အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင်ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တစ်လွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်းကိုင်ဆောင်မှုများလျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တစ်လွဲအသုံးပြုမှုများမဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျ လိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့်သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **လက်နက်ခဲယမ်းကိုင်ဆောင်ခွင့် လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့်သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့်လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်။**
- **လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို လိုင်စင် ထုတ်ပေးသွားမည်ဖြစ်။**
- **သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေး ထုတ်ပြန်။**

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်

အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း/ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ၏ အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်ခြင်းကြောင့် ၎င်းတို့အား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

## သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကိုစစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၁၂)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအားနိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် NUG ၏လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများသို့စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများတက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အများ အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကိုအချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်းရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ်ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေ

အရတရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်းဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊

(ခ) ပစ္စတိုအုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၂၀) သိန်း၊

(ဂ) ပြောင်းချောသေနတ် (၁) လက်ပါရှိပါက ကျပ် (၃၀) သိန်း၊

(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာစီဂျီကဲ့သို့သော လက်နက်များ (၁) လက်ပါရှိပါက ကျပ် (၇၅)သိန်း၊

(င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅) သိန်း၊

(စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် (၃) သိန်း၊

(ဆ) လက်နက်/ခဲယမ်းမှအပအခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကား ပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။

(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀) သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **အကြမ်းဖက်သမားများရဲ့ တိုက်ခိုက်မှုများကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ရသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့။**
- **နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်။**
- **ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရတရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရလိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်။**
- **ဥပဒေဘောင်အတွင်းဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်။**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနလုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ



သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Cen-tre-DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို မေလ ၉ ရက်တွင် အဆိုပါသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၁)၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက-

- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ မေလ ၆ ရက်တွင် ပြုလုပ်ခဲ့သည့် အရေးပေါ်အစည်းအဝေးလမ်းညွှန်ချက်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကို ဖွင့်လှစ်ခဲ့ကြောင်း။
- မုန်တိုင်း၏ အခြေအနေအလိုက် သာမန်အချိန်၊ အရေးပေါ်အချိန်၊ အရေးကြီးအချိန်နှင့် ပြန်လည်ထူထောင်ရေးအချိန်ဟူ၍ အပိုင်း (၄) ပိုင်း ခွဲ၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခုမှာ သာမန်အချိန်နှင့် အရေးပေါ်အချိန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေကြောင်း။
- တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းဇယားကောက်ယူမည့် သတ်မှတ်ပုံစံများအတိုင်း လိုအပ်သည့်အချက်အလက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံ တင်ပြရန်လိုကြောင်း။
- DMC အား ၂၄ နာရီ ဖွင့်လှစ်ထားရန်လိုပြီး ဆက်သွယ်ရေး မပြတ်တောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း။
- မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ဦးတည်ရာလမ်းကြောင်း ပြောင်းလဲမှုအရ အရေးပေါ်အချိန်နှင့် အရေးကြီးအချိန်တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တစ်ပြိုင်တည်း ဆောင်ရွက်ရနိုင်ကြောင်း။

- ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရန်အတွက် DMC မှ သတင်းအချက်အလက်များ ပေးပို့တင်ပြရန်လိုကြောင်း။
- မုန်တိုင်းဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်ရန်နှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် အမြန်ဆုံးနှင့် ထိထိရောက်ရောက်ဖြစ်စေရန် DMC မှ တာဝန်ရှိသူများ အနေဖြင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေ၊ နိုင်ငံတကာမိုးလေဝသ Website များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ခန့်မှန်းချက်များ၊ သုံးသပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှုအခြေအနေတို့အား ဆွေးနွေးတင်ပြခဲ့ကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁) နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **မုန်တိုင်း၏ အခြေအနေအလိုက် သာမန်အချိန်၊ အရေးပေါ်အချိန်၊ အရေးကြီးအချိန်နှင့် ပြန်လည်ထူထောင်ရေးအချိန်ဟူ၍ အပိုင်း (၄) ပိုင်းခွဲ၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခုမှာ သာမန်အချိန်နှင့် အရေးပေါ်အချိန်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိ။**
- **DMC အား ၂၄ နာရီ ဖွင့်လှစ်ထားရန်လိုပြီး ဆက်သွယ်ရေးမပြတ်တောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရန်လို။**
- **မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ဦးတည်ရာလမ်းကြောင်းပြောင်းလဲမှုအရ အရေးပေါ်အချိန်နှင့် အရေးကြီးအချိန်တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တစ်ပြိုင်တည်းဆောင်ရွက်ရနိုင်။**
- **ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရန်အတွက် DMC မှ သတင်းအချက်အလက်များ ပေးပို့တင်ပြရန်လို။**
- **မုန်တိုင်းဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်ရန်နှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် အမြန်ဆုံးနှင့် ထိထိရောက်ရောက်ဖြစ်စေရန် DMC မှ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရန်။**

## စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကျင်းပ

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကို မေလ ၉ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဆိပ်ကမ်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ အိန္ဒိယနိုင်ငံဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Shri Sar-bananda Sonowal ဦးဆောင်သော အိန္ဒိယနိုင်ငံအစိုးရ၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အိန္ဒိယနိုင်ငံဆိပ်ကမ်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးတို့က အမှာစကားများပြောကြားခဲ့ကြပါသည်။

စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံအတွက်သာမက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေနိုင်



မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပင်လယ်/ပြည်တွင်းရေကြောင်း လမ်းများနှင့် မော်တော်ကားလမ်းကို ချိတ်ဆက်၍ ဘက်စုံ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန် သွယ်မှုနှင့် ဒေသတွင်းကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များ အကြား လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုလည်း ပိုမို ကောင်းမွန်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း များစွာတိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်း များလည်း ပိုမိုရရှိမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမှ လာရောက်သော အပြည်ပြည်ဆိုင်ရာ ကုန်စည်တင်သင်္ဘော ITT Lion သည် စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ရာ တာဝန် ရှိသူများက စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာ ဆိပ်ခံ တံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ လှည့်လည်ကြည့်ရှု ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အိန္ဒိယ နိုင်ငံဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင် ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Shri Sarbananda Sonowal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းမှ စီးပွား ရေးလုပ်ငန်းရှင်များနှင့် စစ်တွေမြို့ရှိ Royal Sittwe Resort Hotel ၌ တွေ့ဆုံ၍ စစ်တွေဆိပ်ကမ်းဖွင့်လှစ်နိုင်မှုကြောင့် စစ် တွေဆိပ်ကမ်းမှတစ်ဆင့် ဒေသတွင်းနိုင်ငံများသို့ ကုန်သွယ်မှု များတိုးမြှင့်တင်ပို့နိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း ရှိ ပြည်သူများ၏စီးပွားရေးအခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိနိုင်မည့်အခြေအနေ၊ ရခိုင်ပြည် နယ်နှင့် ချင်းပြည်နယ်အကြား သယ်ယူပို့ဆောင်မှုချောမွေ့လာ မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံအတွက်သာမက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေနိုင်။**
- **ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များအကြား လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာပြီး ဒေသခံ များ၏ လူမှုစီးပွားဘဝသည်လည်း များစွာတိုးတက်လာမည်ဖြစ်။**
- **ပြည်ထောင်စုဝန်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များက ရခိုင်ပြည်နယ်ရှိ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ နှင့်တွေ့ဆုံ၍ စစ်တွေဆိပ်ကမ်းမှတစ်ဆင့် ဒေသတွင်းနိုင်ငံများသို့ ကုန်သွယ်မှုများ တိုးမြှင့်တင်ပို့နိုင်မည့် အခြေ အနေ၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏စီးပွားရေးအခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုး တက်ရရှိနိုင်မည့်အခြေအနေများအား ဆွေးနွေးခဲ့။**

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ



အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို မေလ ၈ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက-

- မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ရန်လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊
- ၂၀၂၃ ခုနှစ် အာဆီယံက ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ခေါင်းစဉ် ၁၆ ခုနှင့်စပ်လျဉ်း၍ ယင်းလုပ်ငန်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက်ပါ ကိုဗစ်-၁၉ အလွန် ဈေးကွက်ပြန်လည်ချိတ်ဆက်နိုင်မည့် အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ တချို့လုပ်ငန်းများသည် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန်အတွက်လည်း လုပ်ငန်း ၁၁၈ ခုကို ချမှတ်ထားကြောင်း၊
- ဆောင်ရွက်သည့်လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ထို့နောက် လုပ်ငန်းကော်မတီများက အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- **အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန်အတွက်လည်း လုပ်ငန်း ၁၁၈ ခုကို ချမှတ်ထား။**
- **ဆောင်ရွက်သည့်လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်။**
- **အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုများကိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထား။**

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေလ ၈ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဘီ)ရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ၌ ဆုရရှိခဲ့သူများ၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် (၆၅) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်/တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအနေဖြင့် စံပြကြက်ခြေနီစခန်းများ ဖွင့်လှစ်ဂုဏ်ပြုသည့် အစီအစဉ်ကို ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး စံပြကြက်ခြေနီစခန်း (၁၇) ကြိမ်၊ စံပြကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မယ်ပေါင်း ၃,၃၇၉ ဦး၊ ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထူးချွန်ကြက်ခြေနီစခန်း

(၂၁) ကြိမ်၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မယ် ၃,၂၃၇ ဦး ရှိခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များကို အသိအမှတ်ပြု ချီးမြှင့်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် မြစ်ကြီးနားမြို့နယ်၊ ကြက်ခြေနီတပ်ဖွဲ့မှ တပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် (ဟင်နရီဒူးနန့်ဆုရှင်)က ဝဏ္ဏကျော်ထင်ဘွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အသင်းဝင်များအနေဖြင့် ၎င်းတို့သွေးလှူဒါန်းသည့် အကြိမ်များအလိုက် လူမှုထူးချွန်တံဆိပ်များကို ရရှိခဲ့ပါသည်။ အဆိုပါသွေးလှူရှင်များအနက် လူမှုထူးချွန်ဆု(ပထမအဆင့်)ကို ကချင်ပြည်နယ်မှ ကြက်ခြေနီအသင်းဝင်နှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီအသင်းဝင်တစ်ဦးတို့က ရရှိခဲ့ပြီး ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၅)နှစ် စိန်ရတုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- **ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ၌ ဆုရရှိခဲ့သူများကို တာဝန်ရှိသူများက အသီးသီး ဆုချီးမြှင့်ခဲ့။**
- **နိုင်ငံတော်အနေဖြင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များကို အသိအမှတ်ပြု ချီးမြှင့်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ဝဏ္ဏကျော်ထင်ဘွဲ့တစ်ဦး၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အသင်းဝင်များအနေဖြင့် ၎င်းတို့သွေးလှူဒါန်းသည့် အကြိမ်များအလိုက် လူမှုထူးချွန်တံဆိပ်များကို ရရှိခဲ့။**

## ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် မေလ ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘေးအန္တရာယ်များကြောင့် ပြည်သူများတွင်ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိမှု

ကို ပြောကြားခဲ့ပြီး ဧပြီလ ၂၇ ရက်နှင့် မေ ၅ ရက်တို့တွင် ပြု လုပ်ခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ် ငန်းကော်မတီအစည်းအဝေး၌-

- လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင်ပါဝင်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း နှင့် ပြန်လည်ထူထောင်ခြင်းကဏ္ဍများမှ လုပ်ငန်းစဉ်များ နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အဆင့်အထိ အကောင်အထည်ဖော်ကြရမည် ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် အဆင့်ဆင့် အနီးကပ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက် ပြီး ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ရေမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပွားမှုမရှိစေရန် လိုအပ်သောသောက်သုံးရေသန့်များ ကြိုတင်စုဆောင်း ထားရှိရန်နှင့် ဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ ရေသန့်ဆေးမှုန့်နှင့် ဆေးပြားများအား အချိန်မီဖြန့်ဝေပေး နိုင်ရန်နှင့် ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းများကို လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် နေရာဒေသ များတွင် လိုအပ်နိုင်သည့် ဆေးနှင့်ပစ္စည်းကိရိယာများ၊ Disaster Medical Kit (အရေးပေါ်သုံးဆေးသေတ္တာ) များ၊ Family Kit (မိသားစုသုံးပစ္စည်း)များ၊ Clean Delivery Kit(မီးဖွားရန်အတွက်ပစ္စည်း)များနှင့် Dignity Kit (အမျိုး သမီးသုံးပစ္စည်း)များအား ကျေးလက်ကျန်းမာရေးဌာနခွဲ များအရောက် ကြိုတင်ဖြန့်ဝေထားရှိရမည်ဖြစ်ကြောင်း။
- ဆေးရုံများတွင် အရေးပေါ်ခွဲစိတ်ကုသမှု၊ မွေးဖွားမှုအပါ အဝင် ကုသမှုလုပ်ငန်းများ နှောင့်နှေးပျက်ကွက်ခြင်းမရှိ စေရန် အစီအစဉ်များချမှတ်ကာ ဆောင်ရွက်ထားခြင်းနှင့် လိုအပ်သည့်အရေးပေါ်ဆေးအဖွဲ့များကို ကြိုတင်ဖွဲ့စည်း ပြီး အသင့်အနေအထားဖြစ်စေရန် ဆောင်ရွက်ထားရှိရ မည်ဖြစ်ကြောင်း။
- တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသ ရေးဦးစီးဌာနများအနေဖြင့် တပ်မတော်ဆေးတပ်ဖွဲ့များ နှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာ ရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေ အနေကွပ်ကဲမှုစင်တာ (Public Health Emergency Operations Center) နှင့်တိုင်းဒေသကြီး/ ပြည်နယ်များ ရှိ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကွပ်ကဲမှု စင်တာများကိုလည်း ဖွင့်လှစ်(activate)ထားရှိပြီးဖြစ်ရာ အချိန်နှင့်တစ်ပြေးညီဆက်သွယ်ဆောင်ရွက်ကြရန် ပြော ကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ က ၎င်းတို့၏ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီး/ ပြည် နယ်အလိုက်နှင့် ဆေးရုံအလိုက်ကြိုတင်ပြင်ဆင်ထားမှုအခြေ အနေ၊ အရေးပေါ်စီမံချက်များရေးဆွဲထားမှုအခြေအနေ၊ ပြည် သူ့ကျန်းမာရေးအရေးပေါ် အခြေအနေကွပ်ကဲမှုစင်တာများ ဖွင့်လှစ်ထားရှိသည့်အခြေအနေများ၊ အရေးပေါ်ဆေးဝါးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများနှင့် လိုအပ် ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါ သည်။

**(မြဝတီသတင်းစာ ၈-၅-၂၀၂၃)**

- **ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး/ပြည်နယ် ပြည် သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင် စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကဏ္ဍများမှ လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် ပြောကြားခဲ့။**

# မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့်ပြည်သူများအတွက် ထိုင်းနိုင်ငံရောက်မြန်မာများက ခေါက်ဆွဲခြောက်များလှူဒါန်းခြင်းနှင့် မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနဖွင့်လှစ်




ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိသဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းသို့ မုန်တိုင်းဖြတ်သန်းဝင်ရောက်ပါက ဘေးဒဏ်ခံစားရနိုင်သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက စုပေါင်း၍လှူဒါန်းသော ထိုင်းဘတ်ငွေ ၁,၀၇၇,၂၆၃ တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၁၅၈,၆၄၀ လှူဒါန်းပေးအပ်ခြင်းအခမ်းအနားကို မေလ ၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါခေါက်ဆွဲခြောက်များကို ရခိုင်ပြည်နယ်သို့ အထုပ် ၃၀,၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးသို့ အထုပ် ၃၀,၀၀၀ တို့ကို ကြိုတင်ဖြန့်ခွဲပေးပို့သွားမည်ဖြစ်သည့်အပြင် ကျန်ခေါက်ဆွဲထုပ်များကို လိုအပ်သည့်နေရာများသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစီး၍ မေလ ၈ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရေးပေါ် တုံ့ပြန်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မုန်တိုင်းဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိခဲ့။
- မုန်တိုင်းဖြတ်သန်းဝင်ရောက်ပါက ဘေးဒဏ်ခံစားရနိုင်သည့် ပြည်သူများအတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက စုပေါင်း၍ ထိုင်းဘတ်ငွေ ၁,၀၇၇,၂၆၃ တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ လှူဒါန်းခဲ့။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ကို မေလ ၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အမျိုးသားကော်မတီ လက်အောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိ။

## ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက တပ်မတော်သားများ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ဖာတ်တိုက်လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးနေမှု

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်နိုင်သည့် အခြေအနေရှိသဖြင့် မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

- နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် မေလ ၆ ရက်တွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်တိုင်ဦးစီးပြုလုပ်ခဲ့ပြီး မုန်တိုင်းဝင်ရောက်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ရန် ညွှန်ကြားခဲ့။



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့အသင့်ပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးနေမှု**

- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ဖြစ်သော နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် လေယာဉ်များ ဖြတ်သန်းခွင့်/ဆင်းသက်/ရပ်နားခွင့်၊ အခွန်ကင်းလွတ်ခွင့်၊ ပြည်ဝင်ဗီဇာခွင့်ပြုရေး၊ ကုန်တင်/ကုန်ချကိစ္စများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့။
- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ၊ ယန္တရားများအသင့်စုဖွဲ့ထားပြီး ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများ ကြိုတင်စီမံပြုစုထားရန်နှင့် ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် အင်တာနက်နှင့် တယ်လီဖုန်းအသုံးပြုနိုင်သော ဂြိုလ်တုဆက်သွယ်ရေးစနစ်များနှင့် ရွှေ့လျားမိုဘိုင်းတာဝါယာဉ်များကို အသင့်ပြင်ဆင်ထားရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ဆောင်ရွက်ခဲ့။
- လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အရေးကြီးသောနေရာများဖြစ်သည့် ကွပ်ကဲမှုရုံး၊ ဆေးရုံ၊ အုပ်ချုပ်မှုအဆောက်အအုံဖြစ်သည့် ကယ်ဆယ်ရေးစခန်းနေရာများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး အရန်မီးစက်များကို ကြိုတင်ဖြန့်ခွဲထားရှိရန်၊ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ဓာတ်အား ဖွင့်/ပိတ်စနစ်များကို စနစ်တကျထိန်းချုပ်ထားရန်၊ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲဖြစ်သော စီမံကိန်းဆိုင်ရာ အဆောက်အအုံများနှင့် တမံများကို သဘာဝဘေးကြောင့် ထိခိုက်သက်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်သွားရန် အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့။
- ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၂ ခု၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၉ ခုတို့ရှိ မီးသတ်စခန်းများတွင် ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်မှုများနှင့် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့။
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲ



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က မန္တလေးတိုင်းဒေသကြီး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးနေမှု**

တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခဲ့။

- အဆိုပါတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ သိုလှောင်ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာနှင့် သောက်သုံးရေများပြင်ဆင်ထားရှိခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၉ ခု၊ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၊ ဗဟိုဆေးသိုလှောင်ရေးဌာနနှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ မုန်တိုင်းဒဏ်ခံကာကွယ်ရေး အဆောက်အအုံ (Cyclone Shelter) များနှင့် ကယ်ဆယ်ရေးအဖွဲ့များ အသင့်ပြင်ဆင်ထားရှိပြီး ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- **ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာနိုင်။**
- **မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ။**
- **ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၂ ခု၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၉ ခုတို့ရှိ မီးသတ်စခန်းများတွင် ကြိုတင်ပြင်ဆင်ဇာတ်တိုက် လေ့ကျင့်မှုများနှင့် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့။**

# ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်များအား ဓာတ်တိုက်လေ့ကျင့်နေမှု



အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက သဘာဝဘေး အန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားရှိမှုအခြေအနေအား ကြည့်ရှုအားပေးနေမှု




နေပြည်တော်ကောင်စီနယ်မြေတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဓာတ်တိုက်လေ့ကျင့်နေမှု



ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနတွင် ရှာဖွေကယ်ဆယ်ရေး အင်အားအသင့်စုဖွဲ့လေ့ကျင့်နေမှု



ညောင်တုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု

## ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



သာယာဝတီမြို့၌ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု



ပျဉ်းမနားမြို့နယ်၌ သဘာဝဘေးအန္တရာယ်အတွက် ဓာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်နေမှု



ထားဝယ်မြို့နယ်တွင် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု



အုတ်ဖိုမြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု



လောင်းလုံးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်နိုင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများထားရှိမှု

## ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



ပလောက်မြို့၌ မုန်တိုင်းကြိုတင်ကာကွယ်နိုင်ရေး
အသိပေးနှိုးဆော်နေမှု



ဝမြို့နယ်တွင် မုန်တိုင်းဘေး ပညာပေးလက်ကမ်းစာစောင်များ
ဖြန့်ဝေ၊ အသိပညာပေးခြင်းများဆောင်ရွက်နေမှု




သရက်ချောင်းမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း ဆောင်ရွက်နေမှု




နတ်မောက်မြို့နယ်၌ မုန်တိုင်းအန္တရာယ်
အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေနေမှု



ကျိုင်းတုံမြို့နယ်တွင် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး
အသိပေးနှိုးဆော်နေမှု

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်သတ်မှတ်




မေလ ၁၀ ရက် မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ပါသည်။

- မုန်တိုင်းငယ်သည် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်(၃၀) နှုန်းခန့်ဖြစ်၍ မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး ပိုမိုအားကောင်းလာကာ မေလ ၁၀ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အားကောင်းသော မုန်တိုင်းငယ်အဖြစ်နှင့် ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊
- မေလ ၁၁ ရက် နံနက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်မှ ညပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့လည်းကောင်း၊
- မေလ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရ။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခြင်း၊ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

- မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေ ရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်။
- မေလ ၁၁ ရက် နံနက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်မှ ညပိုင်းတွင် အားအလွန်ကောင်း သော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊
- မေလ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု


နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့ရာ မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိပါသည်။ အဆိုပါ ပါတီများအနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအမှတ် (၁) မှ (၉) အထိ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီအမှတ် (၁၀) မှ (၁၄) အထိ ထပ်မံခွင့်ပြုခဲ့ပါသည်။

- မေလ ၄ ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီကို နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ် (၁၀) အနေဖြင့်လည်းကောင်း၊ မြို့တိုင်းရင်းသားပါတီကို နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၁၁) အနေဖြင့်လည်းကောင်း၊
- မေလ ၅ ရက်တွင် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ကို နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၁၂) အနေဖြင့်လည်းကောင်း၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၁၃) အနေဖြင့် လည်းကောင်း၊
- မေလ ၈ ရက်တွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၁၄) အနေဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာခဲ့ပါသည်။

(မြဝတီသတင်းစာ ၉-၅-၂၀၂၃)

- မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည် ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိ။
- အဆိုပါ ပါတီများအနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအမှတ် (၁) မှ (၉) အထိ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ အမှတ် (၁၀) မှ (၁၄) အထိ ထပ်မံခွင့်ပြုခဲ့။

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ-

- မေလ ၉ ရက်တွင် ကချင်ပြည်နယ် မြို့နယ်အသီးသီးမှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီး ပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး မေလ ၉ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၈၃ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၅၁၆ ဦး ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၂)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ကချင်ပြည်နယ် မြို့နယ်အသီးသီးမှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **မေလ ၉ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၈၃ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၅၁၆ ဦး ရှိပြီဖြစ်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ပခုက္ကူခရိုင်အတွင်းရှိ တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့များက ၎င်းတို့ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားရေရိက္ခာပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိပါသည်-

- မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုဝင် လူဦးရေ ၅၄၀ တို့အတွက် ဆန် ၆ ပြည်ပါ အိတ် ၅၄၀၊ ဆီ ၁၆၂ ပိဿာနှင့် ဆား ၁၆၂ ပိဿာ၊ ခေါက်ဆွဲခြောက် အထုပ် ၅၄၀၊ ကြက်သွန်နီ ၁၃၅ ပိဿာ၊ ကြက်သွန်ဖြူ ၁၃၅ ပိဿာ၊ အာလူး ၂၄၃ ပိဿာ၊ ကုလားပဲ ၁၃၅ ပြည်၊ ကြက်ဥ အလုံး ၁,၀၈၀ နှင့် ကျောင်းဝတ်စုံ(ဖြူ/စိမ်း) အစုံ ၁၂၀၊ အမျိုးသား/အမျိုးသမီးဝတ် လုံချည် ၅၄၀ ထည်၊ တီရှပ်အင်္ကျီ၊ ဆပ်ပြာ၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများအား ပခုက္ကူမြို့၌ ထောက်ပံ့ပေးအပ်ခဲ့။
- စစ်ကိုင်းဒေသကြီးအတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုဝင်များအား ဆန် ၁၁၂,၄ အိတ်၊ ကြက်ဥ အလုံး ၄,၅၇၀၊ ခေါက်ဆွဲခြောက်ထုပ် ၄,၅၇၀၊ ကြက်သွန်နီ၄၅၇ ပိဿာ၊ အာလူး ၄၅၇ ပိဿာ၊ ကျောင်းဝတ်စုံ ၁၅၀၊ ဗလာစာအုပ်ဒါဇင် ၁၅၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံး ၉၁၄ ပုံးတို့အား မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့် ချောင်းဦးမြို့၌ ထောက်ပံ့ပေးအပ်ခဲ့။
- ကရင်ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုဝင်များအား ငွေကျပ်စုစုပေါင်း ၅၃၅,၅၁၅,၇၅၃ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခေါက်ဆွဲခြောက်များနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများအား လှိုင်းဘွဲ့မြို့နှင့် ကမမောင်းမြို့တို့၌ ထောက်ပံ့ပေးအပ်ခဲ့။
- ကယားပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုဝင်များအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများအပါအဝင် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁,၁၁၉ သိန်းကျော်အား လွိုင်ကော်မြို့၌ ထောက်ပံ့ပေးအပ်ခဲ့။
- ရခိုင်ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုဝင် ၄၉၁ ဦးအတွက် ဆန် ၁၅၄ အိတ်၊ ကျောင်းစိမ်းဝတ်စုံ ၁၀၀၊ ဗလာစာအုပ်ဒါဇင် ၁၀၀နှင့် ပစ္စည်း ၁၇ မျိုးပါ family kit များကို စစ်တွေမြို့၌ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ယာယီတိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



စစ်ကိုင်းတိုင်းဒေသကြီး



ကချင်ပြည်နယ်



ကရင်ပြည်နယ်



ကယားပြည်နယ်



ရခိုင်ပြည်နယ်

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့များက ၎င်းတို့ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားရေရိက္ခာပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့။

# AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်





**AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ယာဉ်**

မေလ ၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရန်အတွက် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များလိုက်ပါလာသည့် မော်တော်ယာဉ်တန်းအား ဆီဆိုင်မြို့နယ်၊ နန့်အောရွာ၏ မြောက်ဘက်မီတာ ၂၀၀ ခန့်အကွာသို့အရောက်၌ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ဘဲ လုံခြုံရေးများလိုက်ပါလာသည့် မော်တော်ယာဉ်၌ လက်နက်ငယ်ကျည်တစ်ချို့ ထိမှန်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်အနေဖြင့် အာဆီယံတူညီဆန္ဒ(၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများပံ့ပိုးရေးကိစ္စများတွင် အပြုသဘောဆောင်စွာဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စာနာမှုအကူအညီများ လိုအပ်သူများထံသူများထံ ဖြန့်ဖြူးနိုင်ရေးနှင့် လိုအပ်သူမည်သူတစ်ဦးမျှ မကျန်စေရေးမူကို လက်ကိုင်ပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပံ့ပိုးနိုင်ရေးအပြင် လုံခြုံရေးနှင့်ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ယုတ်မာသောလုပ်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးတို့အတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation)ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**




ဖြစ်စဉ်နေရာပြမြေပုံ

- **AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ဘဲ လုံခြုံရေးများလိုက်ပါလာသည့် မော်တော်ယာဉ်၌ လက်နက်ငယ်ကျည်တစ်ချို့ ထိမှန်ခဲ့။**
- **အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ယုတ်မာသောလုပ်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိ။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးတို့အတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation)ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ။**

## မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မေလ ၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မောတောင်သို့ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်သည် တနင်္သာရီမြို့နယ်၊ မိုင်တိုင်အမှတ်၊ ၃၃/၃ နေရာသို့ ရောက်ရှိစဉ် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ခရီးသွားပြည်သူ အမျိုးသား ၁ ဦး သေဆုံးပြီး ၆ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်များကို ဆက်ကြေးများ ကောက်ခံလေ့ရှိပြီး ယခုလိုမကြာခဏ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှုရှိပါက မှားယွင်းပစ်ခတ်မှုသာဖြစ်ကြောင်း ၎င်းဒေသရှိ PDF များက



**PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်**

သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလုပ်ရပ်များအား NUG/PDF များ လုပ်ဆောင်နေသည်ကိုသိသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့အား ရွံရှာမုန်းတီးလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- **PDF အမည်ခံအကြမ်းဖက်သမားများက မြိတ်မြို့မှမော်တောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ် ၁ စီးအား လက်လုပ်မိုင်းတစ်လုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ခရီးသွားပြည်သူ ၁ ဦး သေဆုံးပြီး ၆ ဦးထိခိုက်ဒဏ်ရာရရှိခဲ့။**

## ရွှေကူမြို့နယ်၊ သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်များ မီးလောင်ပျက်စီး

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သာယာကုန်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မေလ ၇ ရက် ညပိုင်းတွင် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၁၅ လုံးမီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများသည် ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများနှင့် ဆက်ကြေးမပေးသည့် ကျေးရွာများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မကြာခဏ လာရောက်ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ကျေးရွာနေပြည်သူများအနေဖြင့် ၎င်းတို့၏ရက်စက်ယုတ်မာမှုများကို စက်ဆုပ်ရွံရှာမုန်းတီးလျက်ရှိပါသည်။





**KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် သာယာကုန်းကျေးရွာရှိ နေအိမ်များ မီးလောင်နေမှု**

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၅-၂၀၂၃)**

- **ရွှေကူမြို့နယ်၊ သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့။**

# ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ




**သာစည်မြို့နယ်၌ ငွေကျပ် ၁၀ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- ဧပြီလ ၁ ရက်မှ ၃၀ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၆၁.၇၃၁ ကီလို၊ ဘိန်းဖြူ ၅၅၂.၁၃၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂,၆၅၄,၇၆၄ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀.၅၃၈ ကီလို၊ အိုက်စ် ၄၇၅.၁၆ ကီလို၊ ဆေးခြောက် ၄၁.၁၂၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၀၃၉ ကီလို၊ ဘိန်းစာရွက် ၀.၄ ကီလို၊ ဘိန်းဆီခဲ ၀.၈၄၄ ကီလို၊ ဘိန်းစာမှုန့် ၂၁.၅၄ ကီလို၊ ဘိန်းရည် ၆၀ လီတာ၊ အက်တက်စီဆေး ပြား ၆,၈၅၁ ပြား၊ အက်တက်စီအကြေ ၀.၀၀၄ ကီလို၊ ကတ်တမင်း ၁၆.၃၃၇ ကီလို၊ Erimin 5 ဆေးပြား ၃,၀၄၀ ပြား၊ Happy Water ၂၉.၈၇၄ ကီလို၊ ကဖင်း ၂,၀၅၇ ကီလို၊ Ethyl Ether ၈၀ လီတာ၊ Methylamine ၄,၈၀၀ လီတာ၊ Sulphuric Acid ၃၃၀ လီတာ၊ Ammonium Nitarte ၁,၉၂၀ ကီလို၊ Vanilin ဆေးမှုန့် ၁.၈ ကီလို၊ Sodium Carbonate ၃ ကီလို၊ Sodium Sulfate Anhydrous ၀.၄ ကီလို၊ Sodium Nitrate ၄ ကီလို၊ Potassium ၁၅ ကီလို၊ Benzene ၆၀ လီတာ၊ Caustic Soda ၇၈,၀၅၀ ကီလို၊ Cellulose Powder ၂၄.၉ ကီလို၊ အက်စစ်(စိစစ်ဆဲ) ၁၀,၀၀၀ လီတာ၊ Food Colour အမှုန့် ၀.၇၇ ကီလို စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၅၅,၃၆၃.၂၆၁ (US$ ၂၆.၃၆၃ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၅၇၉ ဦး၊ အမျိုးသမီး ၁၀၀ ဦး၊ စုစုပေါင်းတရားခံ ၆၇၉ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လအတွင်း မူးယစ်ဆေးဝါး စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၈၁,၀၃၇.၇၇၆ (US$ ၃၈ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ စုစုပေါင်း တရားခံ ၇၅၁ ဦးဖမ်းဆီးရမိခဲ့ပြီး ဧပြီလနှင့် နှိုင်းယှဉ်ရာတွင် မူးယစ်ဆေးဝါးတန်ဖိုးငွေ ကျပ်သန်းပေါင်း ၂၅,၆၇၄.၅၁၅(US$ ၁၁.၆၃ သန်းကျော်) ပိုမိုဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၅-၂၀၂၃)**

## ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



ကလေးမြို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



လှိုင်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု



တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများအား တရားခံနှင့်အတူ ဖမ်းဆီးရမိမှု




မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိမှု

- ဧပြီလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေ ကျပ်သန်းပေါင်း ၅၅,၃၆၃.၂၆၁ (US$ ၂၆.၃၆၃ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၆၇၉ ဦးအား ဖမ်းဆီးရမိခဲ့။